ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဆုံးဖြတ်ချက်အမှတ် ၅-၂/၂၀၀၂ အားလေ့လာတင်ပြခြင်း


လေ့လာတင်ပြသူ

ဦးအောင်ကျော်ဇင်
လက်ထောက်ညွှန်ကြားရေးမှူး
သုတေသနနှင့်လေ့ကျင့်ဌာနခွဲ

ဒေါ်ကေဇင်ကျော်
ဒုတိယဦးစီးမှူး
သုတေသနနှင့်လေ့ကျင့်ဌာနခွဲ



၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်

## မာတိကာ

နိဒါန်း

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နိုင်ငံဖွဲ့စည်းတည်ဆောက်မှု

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court)

(က) တရားရုံးဖွဲ့စည်းပုံ

(ခ) တရားရုံး၏ စီရင်ပိုင်ခွင့်

(ဂ) တရားရုံးသို့ အမှုတင်သွင်းခွင့်ရှိသူများ

(ဃ) တရားရုံး၏ ဆုံးဖြတ်ချက်အမျိုးအစားများ

(င) တရားရုံးဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှု

၃။ တင်သွင်းလွှာအမှတ် ၁၅-၂/၂၀၀၂

(က) အမှုတင်သွင်းသည့်ကိစ္စ

(ခ) အမှုဖြစ်အကြောင်းခြင်းရာ အကျဉ်းချုပ်

(ဂ) တင်သွင်းသူ၏လျှောက်ထားချက်

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သုံးသပ်ချက်

(င) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်

၄။ လေ့လာတွေ့ရှိချက်

နိဂုံး

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမှတ် ၅-၂/၂၀၀၂ အားလေ့လာတင်ပြခြင်း

### နိဒါန်း

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ (Russian Federation) သည် အာရှတိုက်နှင့် ဥရောပတိုက်တို့တွင်တည်ရှိသော Intercontinental နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဧရိယာအားဖြင့် စတုရန်းကီလိုမီတာ ၁၇ သန်းခန့်ရှိပြီး ဥရောပအရှေ့ပိုင်းမှ အာရှတိုက်အရှေ့မြောက်ဘက်ထိ ကျယ်ပြန့်သည်။ ကမ္ဘာပေါ်တွင်ကုန်းမြေဧရိယာ အကျယ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် နိုင်ငံပေါင်း (၁၄) နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသောနိုင်ငံများမှာ နော်ဝေးနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ အက်စတိုးနီးယားနိုင်ငံ၊ လတ်ဗီးယားနိုင်ငံ၊ လစ်သူရေးနီးယားနိုင်ငံ၊ ပိုလန်နိုင်ငံ၊ ဘီလာရုဇ်နိုင်ငံ၊ ယူကရိန်းနိုင်ငံ၊ ဂျော်ဂျီယာနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ မွန်ဂိုးလီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်အရှည်လျားဆုံး ထိစပ်လျက်ရှိသည်။ ထို့ပြင် ဘောလ်တစ်ပင်လယ် (the Baltic Sea)၊ ဘာရမ့်ပင်လယ် (the Barents Sea) ကာရာပင်လယ် (the Kara Sea) ဆိုဘီရီယမ်ပင်လယ် (the Siberian Sea) နှင့် ဘဲရင်းပင်လယ် (the Bering Sea) တို့နှင့်လည်းထိစပ်လျက်ရှိသည်။




**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တည်နေရာပြမြေပုံ**

၂။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် (၉) နိုင်ငံမြောက်လူဦးရေအထူထပ်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ လူဦးရေ (၁၁) သန်းခန့် အခြေချနေထိုင်သော မော်စကိုမြို့သည် နိုင်ငံ၏ မြို့တော်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံး၏ လူဦးရေမှာ ခရိုင်းမီးယားဒေသ အပါအဝင် ၁၄၃ သန်းခန့်ရှိသည်။ စွမ်းအင်သယံဇာတများအပါအဝင် သဘာဝသယံဇာတများပေါကြွယ်ဝပြီး ကွန်မြူနစ်စနစ်ကို စတင်ဖော်ဆောင်သူဖြစ်သည့် ကာလ်းမာက်စ်၏စီးပွားရေးမူဝါဒများမှ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ဗီတိုအာဏာကိုကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်မှု အဖွဲ့အစည်း (WTO)၊ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၊ လွတ်လပ်သောနိုင်ငံများ၏ ဓနသဟာယအဖွဲ့ (CIS)စသည့်အဖွဲ့များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိပြီး အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေး ကောင်းမွန်လာရန်ရည်ရွယ်၍ အခြားဒေသတွင်းအဖွဲ့အစည်းကြီးများဖြစ်သော အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(APEC)၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (TMC)၊ ဒေသတွင်း (၅) နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (BRICS)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း(SCO)၊ အာရှ-ပစိဖိတ်ဒေသတွင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးကောင်စီ(CSCAP) တို့နှင့်ပူးပေါင်း၍ ကြိုးစားဆောင်ရွက်ခဲ့သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နိုင်ငံဖွဲ့စည်းတည်ဆောက်မှု**

၃။ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ၁၉၀၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၂၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၃၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၉၃ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကိုပြဋ္ဌာန်းခဲ့ပြီး ယနေ့အချိန်တွင် ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးလျက်ရှိသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၀၈ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ပြင်ဆင်ခဲ့သည်။

၄။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် သမ္မတဦးဆောင်သော ပါလီမန်စနစ်ကျင့်သုံးသည့် ဖက်ဒရယ်သမ္မတနိုင်ငံဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံဖွဲ့စည်းမှုတွင် နိုင်ငံ့အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်ပြီး ဖက်ဒရေးရှင်းကောင်စီ (Council of Federation) နှင့် ဒူးမားလွှတ်တော်(State of Duma)တို့ပါဝင်သော ဖက်ဒရယ်လွှတ်တော် (Federal Assembly) သည် ဥပဒေပြုရေးအာဏာကိုကျင့်သုံးသည်။ အုပ်ချုပ်ရေးကဏ္ဍအား ဝန်ကြီးချုပ်အပါအဝင် အုပ်ချုပ်ရေးအာဏာပိုင်များကဆောင်ရွက်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် Civil Law Legal System ကိုကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၎င်း၏ တရားစီရင်ရေးစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားစီရင်ရေးစနစ်ဆိုင်ရာ ဖက်ဒရယ်ဖွဲ့စည်းပုံ

အခြေခံဥပဒေဆိုင်ရာဥပဒေတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တရားစီရင်ရေးစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court)၊ တရားလွှတ်တော်ချုပ် (Supreme Court)၊ အနုညာတအဆင့်မြင့်တရားရုံး (Supreme Arbitration Court)၊ အထွေထွေတရားစီရင်ပိုင်ခွင့်ရှိသော ဖက်ဒရယ်တရားရုံးများနှင့် စီးပွားရေးဆိုင်ရာတရားရုံးများပါဝင်သည်။

၅။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် နိုင်ငံ၏အချုပ်အခြာအာဏာကို ဖက်ဒရေးရှင်းအစိုးရနှင့် ဖက်ဒရယ်နယ်မြေအစိတ်အပိုင်းများ (Constituent Entities) အကြားတွင် ခွဲဝေကျင့်သုံးသည်။ ဖက်ဒရေးရှင်းအဆင့်တွင် သမ္မတ၊ ဝန်ကြီးချုပ်၊ ဥပဒေပြုလွှတ်တော်နှင့် တရားလွှတ်တော် ချုပ်တို့က ပိုင်းခြားကျင့်သုံးသည်။ တရားစီရင်ရေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စီရင်ဆုံးဖြတ်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court)**

၆။ ၁၉၈၈ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ (Soviet Union) ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကြီးကြပ်မှုကော်မတီတစ်ရပ်တည်ထောင်ခြင်း (Committee on Constitutional Supervision) သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတည်ထောင်မှု၏ အစိတ်အပိုင်းတစ်ခုအစပင် ဖြစ်သည်။ အဆိုပါကော်မတီသည် ရုရှားနိုင်ငံတွင် လူ့အခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အထွဋ်အထိပ်ဖြစ်မှုကို ကာကွယ်ပေးနိုင်ရေးအတွက် ပထမဆုံးအကြိမ် ကြိုးပမ်းဆောင်ရွက်မှုတစ်ခုဖြစ်သည်။ သို့ရာတွင် ယင်းကော်မတီအား တရားရုံးတစ်ရုံးအဆင့် ပေးအပ်ထားခြင်းမရှိဘဲ လုပ်ပိုင်ခွင့်အာဏာများကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုပေးခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ယူနီယံပြိုကွဲမှုနှင့်အတူ ယင်းကော်မတီကို ဖျက်သိမ်းခဲ့သည်။

၇။ ၁၉၉၁ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပထမဆုံးအကြိမ်ဆုံးဖြတ်ချက်အား ၁၉၉၂ ခုနှစ်တွင် စတင်ချမှတ်နိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ပထမဆုံးတရားစီရင်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၈။ ၁၉၉၃ ခုနှစ်၌ အတည်ပြုခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ပိုင်ခွင့်ကိုပြောင်းလဲခဲ့ပြီး၊ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေသစ်ကို ၁၉၉၄ ခုနှစ်တွင် ထပ်မံပြဋ္ဌာန်းခဲ့

သည်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၅ အရ တည်ထောင်ထားခြင်းဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံ

၉။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၅ (၁) အရသော်လည်းကောင်း၊ ၁၉၉၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၄ အရသော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအား ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအပါအဝင် တရားသူကြီး ၁၁ ဦးဖြင့်ဖွဲ့စည်းထားသည်။ အဆိုပါ တရားသူကြီးများက သမ္မတ၏ အဆိုပြုချက်ဖြင့် ဖက်ဒရေးရှင်းကောင်စီက ခန့်အပ်သည်။

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၉ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားသူကြီး ရာထူးနေရာများခန့်အပ်ခြင်းအတွက်လုပ်ထုံးလုပ်နည်းမှာ တရားသူကြီးလောင်းများ၏ အမည်စာရင်းကို ဖက်ဒရေးရှင်းကောင်စီနှင့်ဒူးမားလွှတ်တော်ကော်မတီများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဥပဒေပြုအဖွဲ့အစည်းများ၊ အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဖက်ဒရယ်တရားစီရင်ရေးဆိုင်ရာဌာနများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဥပဒေအသိုက်အဝန်း၊ ဥပဒေသိပ္ပံနှင့် ဥပဒေပညာဆိုင်ရာအဖွဲ့အစည်းများက သမ္မတထံသို့တင်ပြရမည်။ ထိုသို့တင်ပြလာသည့် တရားသူကြီးလောင်းများ၏အမည်စာရင်းမှ သမ္မတကရွေးချယ်အဆိုပြု၍ ဖက်ဒရေးရှင်းကောင်စီက ခန့်အပ်ရမည်ဖြစ်သည်။

၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၁၂ အရ တရားသူကြီးများ၏ ရာထူးသက်တမ်းသည် ကာလကန့်သတ်ချက်မရှိဘဲ အသက် (၇၀) နှစ်အထိတာဝန် ထမ်းဆောင်ခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၂၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား သမ္မတကအဆိုပြု၍ ဖက်ဒရေးရှင်းကောင်စီက ခန့်အပ်ရမည်ဖြစ်ပြီး ရာထူးသက်တမ်းမှာ (၆) နှစ်ဖြစ်သည်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သတ်မှတ်ထားသည့် သက်တမ်းကုန်ဆုံးပြီးနောက် အဆိုပါရာထူးနေရာတွင် ထပ်မံတာဝန်ထမ်းဆောင်နိုင်သည်။

၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအပိုဒ် ၈ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးတစ်ဦးသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်–

(က) ရုရှားဖက်ဒရေးရှင်းနိုင်ငံသားဖြစ်သူ၊

(ခ) အနည်းဆုံး အသက် ၄၀ နှစ်ပြည့်ပြီးသူ၊

(ဂ) ပြစ်မှုကင်းရှင်းကြောင်းဂုဏ်သတင်းနှင့် ကျော်စောသူ၊

(ဃ) အဆင့်မြင့် ဥပဒေပညာတတ်ကျွမ်းပြီး ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းမှု နယ်ပယ်တွင် အနည်းဆုံး ၁၅ နှစ်အတွေ့အကြုံရှိသူ၊

(င) ဥပဒေနယ်ပယ်တွင် ထင်ရှားသောအရည်အချင်းရှိကြောင်း အသိအမှတ်ပြုခြင်း ခံရသူ။

၁၃။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးတစ်ဦးသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားတိုင်းပြည်တစ်ခု၏ နယ်မြေအတွင်းနေထိုင်ရန်အတွက် နေထိုင်ခွင့်ပြုမိန့်ရရှိခဲ့ဖူးသူများ မဖြစ်စေရ။

၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၁၁ အရမည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားသူကြီးမျှ ဖက်ဒရယ်ကောင်စီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒူမားလွှတ်တော် သို့မဟုတ် အခြားကိုယ်စားပြုအဖွဲ့အစည်းများ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း မပြုရပေ။ ထို့ပြင် တရားသူကြီးများသည် ပုဂ္ဂလိက သို့မဟုတ် လူမှုရေးရုံးဌာနများတွင် ရုံးလုပ်ငန်းများလုပ်ကိုင်ခြင်း၊ အဆင့်မြင့်ပညာနှင့် တီထွင်ဖန်တီးမှုဆိုင်ရာပညာရပ်များသင်ကြားပို့ချပေးခြင်းတို့မှအပ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် အခကြေးငွေရယူလုပ်ကိုင်ခြင်းများမပြုရပေ။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်**

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နယ်မြေဧရိယာအတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြီးစိုးမှုကို အထောက်အကူပြုရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို အကာအကွယ်ပေးရေး၊ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အကာအကွယ်ပေးရေး တို့အတွက် –

(က) သမ္မတ၊ ဖက်ဒရယ်ကောင်စီ၊ ဒူးမားလွှတ်တော်နှင့် အစိုးရတို့ကပြဋ္ဌာန်းသည့် ဖက်ဒရယ်ဥပဒေများနှင့် အက်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိဆုံးဖြတ်ခြင်း၊

(ခ) ပြည်ထောင်စုနှင့်အဖွဲ့ဝင်နိုင်ငံများအချင်းချင်းချုပ်ဆိုသည့် စာချုပ်များနှင့် အာဏာသက်ဝင်ခြင်းမရှိသေးသည့် အပြည်ပြည်ဆိုင်ရာစာချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိစိစစ်ခြင်း

(ဂ) အစိုးရအဖွဲ့အစည်းများအကြားဖြစ်ပွားသည့် အငြင်းပွားမှုများကိုဖြေရှင်းခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် နိုင်ငံသားလွတ်လပ်ခွင့်တို့အား ချိုးဖောက်ခံရခြင်းနှင့်သက်ဆိုင်သည့် တိုင်ကြားလွှာများအားစစ်ဆေးခြင်း၊

(င) သီးခြားကိစ္စရပ်များအတွက် ကျင့်သုံးဆောင်ရွက်သည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ အတည်ပြုပေးခြင်း၊

(စ) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊

(ဆ) သမ္မတအား နိုင်ငံတော်ပုန်ကန်မှု သို့မဟုတ် အခြားကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင်သည့်ကိစ္စတွင် စွဲချက်တင်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်အပေါ် ကောက်ချက်ပေးခြင်း (Draw Conclusion) တို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၁၆။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေတင်သွင်းခြင်းကိုလည်း ဆောင်ရွက်နိုင်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်းခွင့်ရှိသူများ**

၁၇။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၂၅ အရရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေများ၊ ဖက်ဒရယ်ဥပဒေနှင့် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများဖြစ်သည့် သမ္မတ၊ ဖက်ဒရေးရှင်းကောင်စီ၊ ဒူးမားလွှတ်တော်၊ အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်များ၊ အာဏာပိုင်အဖွဲ့အစည်းများ၏ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များ (Normative Legal Acts) ယင်းအဖွဲ့အစည်းများအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆိုင်းငံ့ထားသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ-မရှိဆုံးဖြတ်ပေးရန် နိုင်ငံတော်သမ္မတ၊ ဖက်ဒရေးရှင်းကောင်စီ၊ ဒူးမားလွှတ်တော်၊ ဖက်ဒရေးရှင်းကောင်စီ ဆီးနိတ်အမတ် သို့မဟုတ် ဒူးမားလွှတ်တော် ကိုယ်စားလှယ် ၏ ၅ ပုံ ၁ ပုံ အရေအတွက်ရှိသောကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့၊ တရားလွှတ်တော်ချုပ်နှင့် ရုရှားဖက်ဒရေးနိုင်ငံရှိ ပြည်ထောင်စုဝင်များ၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသည်။

၁၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအပိုဒ် ၉၆ အရနိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများ ချိုးဖောက်ခံရမှုနှင့်စပ်လျဉ်း၍ နိုင်ငံသားအခွင့်အရေးချိုးဖောက်ခံရသည့် နိုင်ငံသားများ၊ ဖက်ဒရယ်ဥပဒေတွင် ရည်ညွှန်းဖော်ပြထားသည့် အခြားအဖွဲ့အစည်းနှင့်လူပုဂ္ဂိုလ်များ၊ နိုင်ငံသားအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

သို့တင်သွင်ခွင့်ရှိသည်။ ပြည်တွင်းဥပဒေစနစ်အရရရှိနိုင်သည့် ကုစားခွင့်များကုန်ဆုံးသွားသည့် နိုင်ငံသားများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ကုစားမှုရရှိရေးအတွက် တင်သွင်း လျှောက်ထားနိုင်သည်။

၁၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၁၀၅ အရ အနက်အဓိပ္ပာယ် ဖွင့်ဆို ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၊ ဖက်ဒရေးရှင်းကောင်စီ၊ ဒူးမားလွှတ်တော်၊ အစိုးရအဖွဲ့၊ တရားလွှတ်တော်ချုပ်နှင့် ရုရှားဖက်ဒရေးနိုင်ငံရှိ ပြည်ထောင်စုဝင်များ၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းခွင့်ရှိသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမျိုးအစားများ**

၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၇၁ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး မျက်နှာစုံညီခုံနှင့် မျက်နှာစုံညီအစည်းအဝေးတို့တွင်ချမှတ်သည့် ဆုံးဖြတ်ချက် အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်(Decision) အဖြစ်လည်းကောင်း၊ သမ္မတအား နိုင်ငံတော်ပုန်ကန်မှု သို့မဟုတ် အခြားကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင်သည့်ကိစ္စ တွင် စွဲချက်တင်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်အပေါ် ချမှတ်သည့်အပြီးသတ်ဆုံးဖြတ်ချက်အား တရားရုံး၏ကောက်ချက်(Conclusion) အဖြစ် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချမှတ်ခဲ့ သည့် အခြားဆုံးဖြတ်ချက်များအား လိုက်နာဆောင်ရွက်ရမည့်စီရင်ထုံးများ (Rulings) အဖြစ် လည်းကောင်း အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှု**

၂၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၆ အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးဆုံးဖြတ်ချက်များသည် နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်းများ၊ ဒေသန္တရအစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အေဂျင်စီများ၊ အဖွဲ့ အစည်းများ၊ နိုင်ငံသားများနှင့် လူမှုအဖွဲ့အစည်းများအားလုံးအပေါ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ အလားတူကိစ္စရပ်များပေါ်ပေါက်ပါက စည်းနှောင်မှုရှိရမည်ဖြစ်သည်။

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၇၉ အရ တရားရုံးဆုံးဖြတ်ချက်များ သည် နောက်ဆုံးဖြစ်ပြီး အယူခံဝင်ခွင့်မရှိဘဲ ကြေညာပြီးသည်နှင့်တစ်ပြိုင်နက် အာဏာသက် ရောက်ရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်များ အာဏာသက်ရောက်ရန် အတွက် အခြားအစိုးရအဖွဲ့ အစည်းများက ဆောင်ရွက်ပေးရန်မလိုအပ်ပေ။ တရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ် ခြင်းမရှိကြောင်းဆုံးဖြတ်ခဲ့သည့် ဥပဒေတစ်ရပ်အား အသစ်သဘောဖြင့် ပြန်လည်ပြဋ္ဌာန်းခြင်း မပြုနိုင်ပေ။ ထို့ပြင် တရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းဆုံးဖြတ်ခဲ့

သည့် အက်ဥပဒေပြဋ္ဌာန်းချက်များသည်လည်း ပျက်ပြယ်မည်ဖြစ်သည်။ အာဏာသက်ရောက်မှု မရှိသေးသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာစာချုပ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိခဲ့ပါက ထိုစာချုပ်များသည် အာဏာသက်ဝင်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ ရှိမည်မဟုတ်ပေ။

၂၃။ အက်ဥပဒေများအပေါ်တွင် အခြေခံ၍ဆုံးဖြတ်ခဲ့သော တရားရုံးများနှင့် အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိခဲ့ပါက ထိုဆုံးဖြတ်ချက်များသည် အတည်မဖြစ်ဘဲ ယင်းကိစ္စရပ်များအား ဖက်ဒရယ်ဥပဒေများနှင့်အညီ ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။

၂၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၇၈ အရ တရားရုံး၏ ဆုံးဖြတ်ချက်များနှင့် ကောက်ချက်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင်အဖွဲ့အစည်းများ၏ တရားဝင်ထုတ်ပြန်ချက်များတွင် ချက်ချင်းထုတ်ပြန်ကြေညာရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများထံသို့ အချိန်မီအသိပေးရမည်ဖြစ်သည်။

**တင်သွင်းလွှာအမှတ် - ၁၅-၂/၂၀၀၂**

**တင်သွင်းသည့်ပုဂ္ဂိုလ် - ရုရှားနိုင်ငံသားဖြစ်သူ Mr. M.A. Mkrtychan**

**အမှုတင်သွင်းသည့်ကိစ္စ**

၂၅။ ၁၉၉၃ ခုနှစ် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာဥပဒေ(Federal Law on Forced Migrant/ Forcibly Displaced Person) အပိုဒ် ၉ (၃)(က) နှင့် အပိုဒ် ၉ (၆) တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၊ ၁၈၊ ၂၇ (၁)၊ ၃၅ (၃)၊ ၃၈(၁)နှင့် ၄၀ ပါအခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် ညီညွတ်ခြင်းရှိ/မရှိ စစ်ဆေးဆုံးဖြတ်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းလာသည့်အမှုဖြစ်သည်။

**အမှုဖြစ်အကြောင်းခြင်းရာ အကျဉ်းချုပ်**

၂၆။ လျှောက်ထားသူ ရုရှားနိုင်ငံသား Mr. M.A. Mkrtychan သည် ၁၉၉၅ ခုနှစ်တွင် နေထိုင်ရာ အရပ်ဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Grozny မြို့မှ ဖိအားပေးပဋိပက္ခများကြောင့် Sarotov ဒေသရှိ Krasonoarmeysky မြို့သို့ထွက်ခွါခဲ့ရပြီး ၎င်းအား "အတင်းအကျပ်ပြောင်းရွှေ့နေရာ ချထားခြင်းခံရသူ (forced migrant/ forcibly displaced person) အဖြစ် ရုရှားနိုင်ငံ ပြောင်းရွှေ့ နေထိုင်ခွင့်ဆိုင်ရာအာဏာပိုင်များက ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလတွင် သတ်မှတ်ခဲ့သည်။ ၁၉၉၈ ခုနှစ် ဇွန်လတွင် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာဥပဒေ အပိုဒ် ၇(၄)(၁) နှင့် ၁၉၉၇ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းအစိုးရကချမှတ်ခဲ့သည့် ဆုံးဖြတ် ချက်အမှတ် ၅၁၀ တို့အရ Chechen ပြည်ထောင်စု၊ Grozny မြို့တွင်ဖြစ်ပွားခဲ့သော ပဋိပက္ခများ ကြောင့်ထိခိုက်နစ်နာခဲ့သူများ၏ ပစ္စည်း သို့မဟုတ် နေအိမ်ဥပစာများပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးငွေပေးဆောင်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ Mr. M.A. Mkrtychan အား ၎င်း ပိုင်ဆိုင်သည့်နေအိမ်ဥပစာနှင့် ပစ္စည်းများပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးငွေပေးအပ်ခဲ့သည်။

၂၇။ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် Mr. M.A. Mkrtychan သည် ၎င်းနေထိုင်သည့် Krasonoarmeysky မြို့၌ လက်နက်ကိုင်ရမ်းကားသည့် ရာဇဝတ်မှုကျူးလွန်ခဲ့သဖြင့် Sarotov Regional Krasonoarmeysky City တရားရုံးက ၎င်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အပိုဒ် ၂၁၃ (၂) (ခ) အရ ထောင်ဒဏ် ၁ နှစ်ချမှတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ မေလ ၂၀ ရက်နေ့တွင် "အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာဥပဒေ အပိုဒ် ၉၊ စာပိုဒ် ၃၊ စာပိုဒ်ခွဲ ၁ အရ Sarotov ဒေသတွင်းပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ဝန်ဆောင်မှု ကော်မရှင်က Mr. M.A. Mkrtychan ၏ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ် သတ်မှတ်ချက်အား ရုပ်သိမ်းခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ မေလ ၂၆ ရက်နေ့တွင် Sarotov Regional Krasonoarmeysky City တရားရုံးသည် Krasonoarmeysky မြို့ပြောင်းရွှေ့နေထိုင်ရေးဆိုင်ရာ

ဝန်ဆောင်မှုကော်မရှင်ကနှင်လိုမှုလျှောက်ထားစွဲဆိုခဲ့သဖြင့် အဆိုပါဥပဒေ အပိုဒ် ၉ စာပိုဒ် ၆ နှင့် စာပိုဒ် ၁ တို့ကို အကိုးအကားပြုပြီး Mr. M.A. Mkrtychan အား ၎င်း၏ အတင်းအကျပ် ပြောင်းရွှေ့ နေရာချထားခြင်းခံရသူများအတွက်စီစဉ်ပေးထားသည့် နေအိမ်ဥပစာမှနှင်ထုတ်ခဲ့သည်။ Mr. M.A. Mkrtychan သည် ထိုဆုံးဖြတ်ချက်ကိုမကျေနပ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ် သို့ အယူခံဝင်ရောက်ခဲ့သော်လည်း တရားလွှတ်တော်ချုပ်က ယင်းအယူခံမှုအား ပလပ်ခဲ့သည်။

၂၈။ ထို့ပြင် Saratov ဒေသတွင်း ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကော်မရှင် က ၂၀၀၀ ပြည့်နှစ်၊ မေလ ၂၀ ရက်နေ့တွင် Mr. M.A. Mkrtychan ၏ အတင်းအကျပ်ပြောင်းရွှေ့ နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်သည် တရားမဝင်ကြောင်း အမိန့်ထုတ်ပြန်ခဲ့သဖြင့် ထိုကိစ္စရပ်နှင့်စပ်လျဉ်း၍ Mr. M.A. Mkrtychan သည် Saratov City Frunze ခရိုင်တရားရုံးသို့ လျှောက်ထားခဲ့သော်လည်း တရားရုံးက ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဆုံးဖြတ် ချက်ချမှတ်၍ အဆိုပါလျှောက်ထားချက်အား ပယ်ချခဲ့သည်။ တရားလွှတ်တော်ချုပ်ကလည်း အဆိုပါ တရားရုံးဆုံးဖြတ်ချက်များအပေါ်တင်သွင်းလာသည့် အယူခံမှုများအားလုံးကို ပယ်ချခဲ့ သည်။

## တင်သွင်းသူ၏လျှောက်ထားချက်

၂၉။ Mr. M.A. Mkrtychan သည် ရုရှားနိုင်ငံအတွင်းပြစ်မှုကျူးလွန်သဖြင့် တရားရုံး၏ ပြစ်ဒဏ် ချမှတ်ခြင်းခံရသူအား ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကော်မရှင်က ပြစ်ဒဏ် ခံရသူ၏ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အား ရုပ်သိမ်းနိုင် သည့် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာဥပဒေ အပိုဒ် ၉ သည် ဖွဲ့စည်း ပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိစစ်ဆေးဆုံးဖြတ်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ လျှောက်ထားတင်သွင်းခြင်းဖြစ်သည်။

၃၀။ ဆက်လက်၍ Mr. M.A. Mkrtychan က အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်း ခံရသူအဖြစ်သတ်မှတ်ကြောင်း သက်သေခံလက်မှတ်ကိုင်ဆောင်ထားသူသည် ပြစ်မှုကျူးလွန်၍ တရားရုံး၏ပြစ်ဒဏ်ချမှတ်ခံရပါက အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအနေဖြင့် ရ ရှိထားသည့် နေအိမ်ဥပစာတွင်နေထိုင်ခွင့်ကို ရုပ်သိမ်းရန်မလိုအပ်ကြောင်း၊ ထို့ကြောင့် အတင်း အကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများအတွက် ပေးအပ်ထားသည့် နေအိမ်ဥပစာတွင် နေထိုင်ခွင့်အားရုပ်စဲခြင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၊ ၁၈၊ ၂၇ (၁)၊ ၃၅(၃)၊ ၃၈(၁) နှင့်၄၀ ပါအခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ချိုးဖောက်ခြင်းဖြစ်ကြောင်း လျှောက်ထားခဲ့သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သုံးသပ်ချက်

၃၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တင်သွင်းလာသည့်အမှုနှင့် စပ်လျဉ်း၍ "နိုင်ငံတစ်နိုင်ငံတွင် ၎င်းနိုင်ငံသားများ၏လုံခြုံရေး၊ အခွင့်အရေးများနှင့် တရားဝင်အကျိုးစီးပွားများအား သေချာစွာထောက်ပံ့ပေးနိုင်မှသာလျှင် တရားဥပဒေစိုးမိုးမှုရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အခွင့်အရေးများနှင့်လွတ်လပ်ခွင့်သည် တန်ဖိုးအမြင့်ဆုံးဖြစ်ပြီး အဆိုပါအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုလည်း နိုင်ငံကအသိအမှတ်ပြု ထိန်းသိမ်းကာကွယ်ပေးရမည်ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအား နိုင်ငံတကာတွင်အသိအမှတ်ပြုထားသည့် အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသိအမှတ်ပြုအာမခံချက်ပေးထားကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအား ဥပဒေနှင့်အညီတန်းတူညီမျှရှိမှု မူသဘောတရားများပေါ်တွင်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၊ ၂၊ ၁၇၊ ၁၈၊ ၁၉ နှင့် ၄၅ တို့နှင့်အညီ အစိုးရမှ ကာကွယ်ပေးထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၅(၁)၊ အပိုဒ် ၅၅ (၁)၊ အပိုဒ် ၇၁ (ဖ) နှင့် အပိုဒ် ၇၆ (၁)၊ ၇၆(၂) တို့အရ နိုင်ငံတော်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုသာမက နိုင်ငံ၏ဖက်ဒရယ်ဥပဒေတစ်ရပ်အရ ပေါ်ပေါက်လာသော အခြားအခွင့်အရေးများကိုလည်း ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန်ဝတ္တရားများရှိကြောင်း" သုံးသပ်ခဲ့သည်။

၃၂။ ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အထက်ပါဖော်ပြချက်များအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဥပဒေပြုအဖွဲ့သည်လည်း နိုင်ငံက အချိန်မီကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသည့် နိုင်ငံသားများ၏လုံခြုံရေးချိုးဖောက်ခံရခြင်း၊ နေထိုင်ရာနေရာမှထွက်ခွာရန် အတင်းအကျပ်ခိုင်းစေခြင်းစသည့် နိုင်ငံသားများ၏အလွဲသုံးစားပြုခံရသောအခွင့်အရေးများ ပြန်လည်ရရှိစေရေးနှင့်သက်ဆိုင်သည့် စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေရေးရာဆောင်ရွက်မှုများဖြင့် နိုင်ငံသားများအတွက် ရေရာသေချာသည့်အခြေအနေများဖန်တီးပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကို ထည့်သွင်းပြဋ္ဌာန်းပေးရမည်ဖြစ်ကြောင်း၊ အကျိုးဆက်အားဖြင့် နိုင်ငံသားများသည် နိုင်ငံတော်၏တာဝန်ဝတ္တရားအရ တရားဝင်ဆောင်ရွက်ပေးသည့် အထူးကာကွယ်ပေးမှုများကိုရရှိခွင့်ရှိသည်ဟု မှတ်ယူနိုင်မည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

၃၃။ ဆက်လက်၍ တရားရုံးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာဥပဒေ အပိုဒ် ၁ အရ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူဆိုသည်မှာ မိမိကိုယ်တိုင် ဖြစ်စေ၊ မိမိ၏မိသားစုဝင်များဖြစ်စေ အကြမ်းဖက်ခံရခြင်းကြောင့်

သို့မဟုတ် တစ်နည်းနည်းဖြင့် ဖိစီးနှိပ်စက်ခံရခြင်းကြောင့် မိမိနေထိုင်ရာနေရာမှ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများနှင့် လူမျိုးရေး၊ ဘာသာရေး၊ သုံးစွဲသည့်ဘာသာစကား၊ ဘာသာရေးအသင်းအဖွဲ့များတွင် အဖွဲ့ဝင်ခြင်းများနှင့်စပ်လျဉ်း၍ သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့ကို ရန်လိုပစ်မှတ်ထားသည့် နိုင်ငံရေးခံယူချက်များရှိသည့်ပတ်ဝန်းကျင်တွင် နိုင်ထက်စီးနင်းပြုခံရသည့် ကြောက်ရွံ့မှုဖြင့် မိမိနေထိုင်ရာနေရာမှ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

၃၄။ ဆက်လက်၍ တရားရုံးက အမှန်တကယ်အားဖြင့် အထက်ပါဖြစ်ရပ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံသားတစ်ဦးအနေဖြင့် ချိုးဖောက်ခံရသော ၎င်း၏အခွင့်အရေးပြန်လည်ရရှိနိုင်ရန်အတွက် အစိုးရ၏ အထောက်အပံ့များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာဥပဒေအရ အခွင့်အရေးချိုးဖောက်ခံရသူ၏ နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်၊ လူမှုဘဝလုံခြုံမှုရရှိခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်များအပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နယ်မြေအတွင်းရှိ ၎င်း၏စီးပွားရေး၊ လူမှုရေးဆိုင်ရာအခွင့်အရေးများနှင့်အကျိုးစီးပွားတို့အား ဥပဒေနှင့်အညီအကာအကွယ်ရရှိခွင့်တို့ကိုပါ ထည့်သွင်းသုံးသပ်ရမည်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးအား အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ခြင်းသည် ၎င်းအားနေထိုင်ရာနေရာသစ်တွင် အခြေချနေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရခြင်းနှင့် ၎င်း၏ဆုံးရှုံးသွားသောအိမ်ယာပိုင်ဆိုင်မှုအတွက် လျော်ကြေးပေးရခြင်းစသည့် ၎င်းပုဂ္ဂိုလ်နှင့်နိုင်ငံအကြားတွင် တာဝန်ဝတ္တရားများပါဝင်သည့်ဆက်ဆံရေးကို တည်ဆောက်လိုက်သည့်သဘောဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

၃၅။ ဆက်လက်၍ တရားရုံးက အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ကာလသည် ၅ နှစ်ဖြစ်ပြီး နေရာသစ်တွင် အခြေချနေထိုင်နိုင်ရန် လုံလောက်မှုမရှိသော်လည်း အဆိုပါသတ်မှတ်ချက်အား အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူ၏ ထပ်မံလျှောက်ထားခြင်းအပေါ်တွင်မူတည်၍ နယ်မြေပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ အာဏာပိုင်များက ထပ်မံသက်တမ်းတိုးပေးနိုင်ကြောင်း၊ ဆိုလိုသည်မှာ ဤသတ်မှတ်ချက်သည် သတ်မှတ်ကာလအတွက်သာထုတ်ပြန်ထားသည့် သတ်မှတ်ချက်ဖြစ်ကြောင်း၊ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများ၏ ချိုးဖောက်ခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးအား ပြန်လည်ကုစားခွင့်ရရှိရန် နိုင်ငံသည် ၎င်း၏ လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများအား ဆောင်ရွက်ခြင်းမရှိလျှင် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အရဖြစ်သော အခွင့်အရေးများနှင့်စောင့်ရှောက်မှုများသည် တဖြည်းဖြည်းလျော့ပါးလာမည်ဖြစ်ကြောင်း၊ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်သည်လည်း

သတ်မှတ်ထားသည့် တရားဝင်ကာလကျော်လွန်ပြီးနောက်ထပ်မံသက်တမ်းတိုးနိုင်ရန် အကြောင်း ပြချက်မရှိလျှင် ရပ်ဆိုင်းမည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

၃၆။ ဆက်လက်၍ တရားရုံးက အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ် သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ၎င်းအတွက် သင့်လျော်သော စီးပွားရေး၊ လူမှုရေးနှင့် အခြား စောင့်ရှောက်မှုများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုအပ်သည့် လုပ်ထုံးလုပ်နည်း များအပါအဝင် အဆိုပါသတ်မှတ်ချက် ထုတ်ပေးရန်နှင့်ရုပ်သိမ်းရန်အကြောင်းအရာတို့တွင် ဖက်ဒရယ်ဥပဒေရေးဆွဲရေးအဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅ (၂)၊ အပိုဒ် ၁၂(၃)၊ အပိုဒ် ၇၁(ခ)(ဏ) နှင့် အပိုဒ် ၇၂(၁)(ဠ) တို့နှင့်ကိုက်ညီသည့် လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲပေးရန်တာဝန်ရှိကြောင်း သုံးသပ်ခဲ့သည်။

၃၇။ ဆက်လက်၍ တရားရုံးက အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာ ဥပဒေ အပိုဒ် ၉(၃)(က)အရ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူတစ်ဦးသည် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ဒေသတွင်းပြောင်းရွှေ့ရေးဆိုင်ရာ ဝန်ဆောင်မှု ကော်မရှင်က ၎င်း၏ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အား ရုပ်သိမ်းနိုင်သည်ဆိုခြင်းမှာ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ် နိုင်ငံက တရားဝင်အသိအမှတ်ပြုခဲ့ခြင်းအား တစ်ဖက်သတ်ပယ်ဖျက်သည့်သဘောဖြစ်ပြီး အကျိုးဆက် အားဖြင့် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသည့်ပြဿနာအတွက် ပြန်လည်နေရာချ ထားပေးရေး၊ ချိုးဖောက်ခံရသူ၏ အခွင့်အရေးများနှင့် တရားဝင်အကျိုးစီးပွားများအား ပြန်လည် ရရှိစေရေးတို့အတွက် နိုင်ငံ၏တာဝန်ရှိမှုကို ငြင်းပယ်သည့်သဘောဖြစ်ကြောင်း၊ သို့ဖြစ်၍ အဆိုပါပြဿနာဖြစ်သည့် လူပုဂ္ဂိုလ်သည် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူ တစ်ဦးအနေဖြင့် သတ်မှတ်ချက်မူဘောင်အတွင်းမှရရှိမည့် အစိုးရကပေးရမည့် အထူးအထောက် အပံ့များ၊ အခွင့်အရေးများနှင့် အာမခံချက်များကို ဆုံးရှုံးမည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

၃၈။ ဆက်လက်၍ တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင်မူ ပြစ်မှုကျူးလွန်၍ တရားရုံး၏ ပြစ်ဒဏ်စီရင်ခြင်းခံရသူတစ်ဦး၏ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူတစ်ဦးအဖြစ် သတ်မှတ်ချက်အား ရုပ်သိမ်းရမည်ဟူ၍ ပြဋ္ဌာန်းချက်မရှိကြောင်း၊ ၎င်းလူပုဂ္ဂိုလ်၏ ပြစ်မှု ကျူးလွန်ခဲ့ဖူးသည့် မှတ်တမ်းအဖြစ်သာကျန်ရှိနေမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ထိုကဲ့သို့ သတ်မှတ်ချက်အားရုပ်သိမ်းခြင်းသည် ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်သက်ဆိုင်ခြင်း မရှိ ဘဲ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ထုံး လုပ်နည်းများနှင့်သာသက်ဆိုင်ပြီး နယ်မြေပြောင်းရွှေ့နေထိုင် ခြင်းဆိုင်ရာအာဏာပိုင်များကထုတ်ပြန်သည့် ဆုံးဖြတ်ချက်များ အာဏာသက်ရောက်သည့် သဘောဖြစ်ကြောင်း၊ အမှန်စင်စစ်တွင်မူ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူ တစ်ဦးအဖြစ်သတ်မှတ်ချက်အား ရုပ်သိမ်းခြင်းသည် ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ်တွင် ထပ်

ဆောင်းဆောင်ရွက်သည့် စီမံခန့်ခွဲရေးဆိုင်ရာအရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တစ်ဖက် တွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပြစ်မှုပိုင်းဆိုင်ရာအထွေထွေစည်းမျဉ်းများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုင်း ၁၊ အပိုဒ် ၄၆၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀ နှင့် အပိုဒ် ၅၅၊ အပိုင်း ၃၊ အပိုဒ် ၇၁၊ စာပိုဒ် ဠ၊ အပိုဒ် ၁၁၈၊ အပိုင်း ၁ နှင့် ၂၊ အပိုဒ် ၁၂၆ တို့ပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စံသတ်မှတ်ချက်များအရ အဓိပ္ပါယ်ဖွင့်ဆိုသည်မှာ ပြစ်မှုကျူးလွန်သူတစ်ဦးအား ၎င်းကျူးလွန်သည့် ပြစ်မှုနှင့်အချိုးကျပြီး တရားမျှတမှုရှိသော ထိရောက်သည့်ပြစ်ဒဏ်ကိုသာ တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့်ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူအနေဖြင့် ပြစ်မှုကျူးလွန်ခြင်း၏ အကျိုးဆက်အဖြစ် စီမံခန့်ခွဲရေးဆိုင်ရာ ထပ်ဆောင်းအရေးယူမှုများကိုပါ ဆက်လက်ခံစားနေရခြင်းသည် လက်သင့်ခံနိုင်ဖွယ်မရှိသည့်ကိစ္စရပ်ဖြစ်ပြီး အဆိုပါကိစ္စရပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြစ်ဒဏ်ချမှတ်ခြင်းမူဘောင်ကို ကျော်လွန်နေသည့်သဘောဖြစ်ကြောင်း သုံးသပ်ခဲ့ပါသည်။

၃၉။ ဆက်လက်၍ တရားရုံးက အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာ ဥပဒေ အပိုဒ် ၉(၃)(က) အရအရေးယူခြင်းသည် ပြစ်မှုဆိုင်ရာ အထွေထွေစည်းမျဉ်းများ၊ တရားမျှတမှုရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း၊ ထိုစီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုသည် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများ၏ အခွင့်အရေးများအား ပိုမိုကန့်သတ်မှုဖြစ်စေမည်ဖြစ်ပြီး လူမျိုးစုအကျိုးစီးပွားကိုထိခိုက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဥပဒေနှင့်အညီတန်းတူညီမျှရှိရန် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့အား ကာကွယ်ပေးမည်ဟူသောအစိုးရ၏အာမခံချက်ကို ချိုးဖောက်သည့် သဘောသက်ရောက်မည် ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၊ အပိုဒ် ၁၉ (၁)(၂) အပိုဒ် ၄၅ (၁) နှင့် အပိုဒ် ၅၅ (၃) တို့နှင့် ညီညွတ်ခြင်းမရှိကြောင်း သုံးသပ်ခဲ့သည်။

၄၀။ ဆက်လက်၍ တရားရုံးက ဤအမှုတွင် ဥပဒေရေးဆွဲသူများအနေဖြင့်လည်း အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ် သတ်မှတ်ချက်အရရရှိမည့် အခွင့်အရေးများ၊ စောင့်ရှောက်မှုများသည် ရုပ်သိမ်းနိုင်ခြင်းမရှိဘဲ အဆိုပါသတ်မှတ်ချက်အားရုပ်သိမ်းခြင်းကို ပြစ်မှုကျူးလွန်ခဲ့ခြင်းနှင့်ကိုက်ညီသည့် အရေးယူမှုအဖြစ်သတ်မှတ်နိုင်မည်မဟုတ်ဟူ၍ ရှုမြင်လာစေမည်ဖြစ်ကြောင်း သုံးသပ်ခဲ့ပါသည်။

၄၁။ ဆက်လက်၍ တရားရုံးက အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများအတွက် ပြဋ္ဌာန်းခဲ့သည့် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူဆိုင်ရာဥပဒေအား လေ့လာကြည့်ပါက အခွင့်အရေးချိုးဖောက်ခံရသူတို့၏နေထိုင်ခွင့်များ ပြန်လည်ရရှိစေရေးအတွက် နေထိုင်ရာနေရာများပြန်လည်စီစဉ်ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားသည် နိုင်ငံတွင်ရှိသည်ကိုတွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်း

ခံရသူများ၏ အခွင့်အရေးများနှင့်သက်ဆိုင်သော ဥပဒေကို ရေးဆွဲပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်

၄၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ S.M. Kazantsev နှင့် တရားသူကြီးများဖြစ်ကြသော M.V Bagalay ၊ Y.M. Kanilov ၊ V.D Zorkin ၊ V. Luchin ၊ L. Zharkova ၊ G.Gilin N. Seleznev နှင့် O. Khokhryakova တို့ကဖော်ပြပါအမှုအား ၂၁-၁၁-၂၀၀၂ ရက်နေ့တွင် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၁ (၁) (၂)၊ အပိုဒ် ၇၂၊ ၇၄၊ ၇၅၊ ၇၉ နှင့် ၁၀၀ တို့အရ အောက်ပါအတိုင်းဆုံးဖြတ်ခဲ့သည်-

(က) ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် တရားရုံး၏ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူတစ်ဦးအား ပြည်ထောင်စု သို့မဟုတ် ဒေသတွင်းပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုအေဂျင်စီက အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အား ရုပ်သိမ်းနိုင်သည့် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူဆိုင်ရာဥပဒေ အပိုဒ် ၉ (၃)(က) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၊ ၁၉ (၁)(၂)၊ အပိုဒ် ၄၅ (၁) နှင့် အပိုဒ် ၅၅ (၃) တို့ကို ဆန့်ကျင်ကြောင်း တွေ့ရှိရသည်။

(ခ) လျှောက်ထားသူက ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်ခံနိုင်ဖွယ်မရှိပါဟု လျှောက်ထားခဲ့သည့် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာဥပဒေ အပိုဒ် ၉ (၆) အား စိစစ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိရသဖြင့် ၎င်းပြဋ္ဌာန်းချက်နှင့်သက်ဆိုင်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေ အပိုဒ် ၆၈ အရ ရပ်ဆိုင်းရမည်ဖြစ်သည်။

(ဂ) ဤစီရင်ချက်သည် နောက်ဆုံးဖြစ်ပြီး မည်သည့်အယူခံမှုကိုမျှခွင့်မပြု။ ဤစီရင်ချက်သည် ထုတ်ပြန်ကြေညာပြီးချိန်မှစ၍ ချက်ချင်းအာဏာသက်ရောက်ရမည်ဖြစ်ပြီး တိုက်ရိုက်လိုက်နာကျင့်သုံးရန်အတွက် အခြားမည်သည့်အာဏာပိုင်များ၏ အတည်ပြုချက်ကိုမျှရယူရန် လိုအပ်မည်မဟုတ်။

(ဃ) အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူဆိုင်ရာဥပဒေ အပိုဒ် ၉(၃)(က) နှင့် စပ်လျဉ်း၍တင်သွင်းခဲ့သည့် လျှောက်ထားသူ M.A. Mkrtychan ၏အမှုအား စိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်အရ အဆိုပါဥပဒေပြဋ္ဌာန်းချက်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သည်ဟု ကောက်ယူထုံးဖွဲ့ပြီးဖြစ်သဖြင့် ၎င်းပြဋ္ဌာန်းချက်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်မီပြင်ဆင်ပြဋ္ဌာန်းရမည်ဖြစ်သည်။

(င) ဤစီရင်ချက်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇၈ နှင့်အညီ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဥပဒေများစုစည်းဖော်ပြလျက်ရှိသည့် Rossiyskaya ပြန်တမ်းနှင့် နိုင်ငံ၏ တရားဝင်ဥပဒေအချက်အလက်များအားဖော်ပြသည့် သတင်းဝက်ဘ်ဆိုဒ်များတွင် ချက်ချင်း ထည့်သွင်းထုတ်ဝေရမည်။ စီရင်ချက်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး၏ တရားဝင်ထုတ်ပြန်ကြေညာချက်ကဏ္ဍတွင်လည်း ထည့်သွင်းထုတ်ပြန် ရမည်။

**လေ့လာတွေ့ရှိချက်**

၄၃။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သည့် တင်သွင်းလွှာအမှတ် ၁၅-၂/၂၀၀၂ ကိုလေ့လာခြင်းအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် လူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များသည် တန်ဖိုးအမြင့်ဆုံးဖြစ်ပြီး အဆိုပါအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသိအမှတ်ပြု အာမခံချက်ပေးထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေးအပ် ထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအား ချိုးဖောက်ခြင်းခံရပါက လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်း၍ ကုစားမှု ရယူနိုင်ကြောင်း၊ (Individual Right) ရှိကြောင်းတွေ့ရှိရပါသည်။

၄၄။ ယခုအမှုတွင် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ် သတ်မှတ်ချက် (Status of Force Migrants) ရရှိထားသည့် ရုရှားနိုင်ငံသားတစ်ဦးသည် ပြစ်မှုကျူးလွန်၍ တရားရုံးကပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့သည့်အပြင် ၎င်းအားပေးအပ်ထားသည့် ၎င်းသတ်မှတ်ချက် ဆိုင်ရာအခွင့်အရေးကိုပါ ပြန်လည်ရုပ်သိမ်းခြင်းခံခဲ့ရပါသည်။ ၎င်းသည် တရားရုံးအဆင့်ဆင့်သို့ တင်သွင်း၍ ကုစားမှုရယူခဲ့သော်လည်း မရရှိခဲ့သဖြင့် နောက်ဆုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးသို့တင်သွင်း၍ ကုစားမှုရယူခဲ့ခြင်းဖြစ်ပါသည်။

၄၅။ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ် သတ်မှတ်ချက်ရရှိထားသည့် ရုရှားနိုင်ငံသားတစ်ဦးအား ပြစ်မှုကျူးလွန်၍ တရားရုံးကပြစ်မှုထင်ရှား ပြစ်ဒဏ်ချမှတ်ခဲ့ပြီးသည့် အပြင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ၎င်းအားပေးအပ်ထားသည့် သတ်မှတ်ချက်ဆိုင်ရာ အခွင့်အရေးကိုပါပြန်လည်ရုပ်သိမ်းခြင်းဟူသည့် စီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုပြုလုပ်ခြင်းသည် တရားစီရင်ရေးစံကိုချိုးဖောက်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေးအပ်ထားသည့် နိုင်ငံသားတစ်ဦး၏ အခြေခံအခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ချိုးဖောက်ခြင်းဖြစ်သည် ဟူ၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၄၆။ ထို့ကြောင့် ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို ချိုးဖောက်ခြင်းခံရသူများ၏ နောက်ဆုံးကုစားမှုရယူရာနေရာဖြစ်သကဲ့သို့ နိုင်ငံသားများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အကာအကွယ်ပေးရသည့် တရားရုံးတစ်ရုံးလည်းဖြစ်သဖြင့် ၎င်းသည် နိုင်ငံ၏အမြင့်ဆုံးဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရသည့်အဖွဲ့အစည်း (Safeguarding body) တစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

၄၇။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် နိုင်ငံကို ပါလီမန်စနစ်ကျင့်သုံးသည့် ဖက်ဒရယ်သမ္မတနိုင်ငံအဖြစ် တည်ထောင်ထားပြီး တရားဥပဒေစိုးမိုးမှုရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းနှင့် နိုင်ငံရှိ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို အာဏာများပိုင်းခြားကျင့်သုံးစေပြီး အပြန်အလှန်ထိန်းကျောင်းမှုပြုသည့်စနစ်ကိုကျင့်သုံးကြောင်း လေ့လာတွေ့ရှိရပါသည်။

၄၈။ ထို့ပြင် တရားစီရင်ရေးမဏ္ဍိုင်သည် ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့မှ သီးခြားစီဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်၍ထိရောက်သော တရားမျှတမှုရှိရမည် ဟုဖွင့်ဆိုထားပါသည်။ အဓိကအားဖြင့် လူ့အခွင့်အရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လွတ်လပ်ခွင့်တို့ကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ရုံးကို တည်ထောင်ထားရှိပြီး ၎င်းအား လုပ်ပိုင်ခွင့်အာဏာများ အပြည့်အဝအပ်နှင်းထားကြောင်း တွေ့ရှိရပါသည်။

၄၉။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပြည်ထောင်စုဥပဒေများ၊ ဖက်ဒရယ်အဖွဲ့ဝင် နိုင်ငံများ၏ဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဖက်ဒရယ်အဖွဲ့ဝင်နိုင်ငံများက ပြဋ္ဌာန်းသည့် ဥပဒေများ၊ အခြားသော ဥပဒေများနှင့်စပ်လျဉ်းသည့်အမှုများ၊ ပြည်ထောင်စုနှင့်အဖွဲ့ဝင်နိုင်ငံများ အကြားချုပ်ဆိုသည့်စာချုပ်များနှင့် အာဏာသက်ဝင်ခြင်း မရှိသေးသည့် အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သက်ဆိုင်သည့်အမှုများ၊ အစိုးရအဖွဲ့အစည်းများအကြား အငြင်းပွားမှုများကိုဖြေရှင်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် နိုင်ငံသားလွတ်လပ်ခွင့်များအား ချိုးဖောက်ခံရခြင်းနှင့်စပ်လျဉ်းသည့် တိုင်ကြားလွှာများအား စစ်ဆေးခြင်း၊ သီးခြားကိစ္စရပ်များအတွက် ကျင့်သုံးဆောင်ရွက်သည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိအတည်ပြုပေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ သမ္မတအား နိုင်ငံတော်ပုန်ကန်မှု သို့မဟုတ် အခြားကြီးလေးသောပြစ်မှုဖြင့်စွဲချက်တင်သည်ကိစ္စတွင် စွဲချက်တင်ထားသည့် လုပ်ထုံးလုပ်နည်း

နှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်အပေါ်အကြံဉာဏ် သဘောထားမှတ်ချက်ပေးခြင်း၊ ၎င်း၏ စီရင်ပိုင်ခွင့်အတွင်းကျရောက်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေတင်သွင်းခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၅၀။ အချုပ်အားဖြင့်ဆိုရသော် ရုရှားနိုင်ငံသည် တရားစီရင်ရေးစံနှုန်းများကို လိုက်နာကျင့်သုံးပြီး နိုင်ငံသားအခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးသည့် တရားဥပဒေစိုးမိုးမှုအားကောင်းသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဆုံးဖြတ်ချက်အမှတ် ၁၅-၂/၂၀၀၂ တွင်ကိုးကားအသုံးပြုခဲ့သည့် ဥပဒေများနှင့် ပုဒ်မများ

### ဥပဒေများ

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၂။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၉၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ

၃။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၉၃ ခုနှစ် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်း ခံရသူများဆိုင်ရာဥပဒေ

၄။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၉၈ ခုနှစ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

### စာအုပ်များ

၁။ Encyclopedia of World Constitution, 2007

၂။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ (၃)၊ ၂၀၂၁ ခုနှစ်

### အင်တာနက်ဝက်ဘ်ဆိုဒ်များ

၁။ https://www.refworld.org/docid/3ae6b503c.html

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ**

**အပိုဒ် ၂**

လူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်များသည် အမြင့်ဆုံးတန်ဖိုးများဖြစ်သည်။ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုခြင်း၊ လေးစားလိုက်နာခြင်း၊ ကာကွယ်ခြင်းတို့သည် နိုင်ငံတော်၏ တာဝန်တစ်ရပ်ဖြစ်သည်။

**အပိုဒ် ၁၅**

(၂) ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့များ၊ တာဝန်ရှိသူများ၊ နိုင်ငံသားများနှင့် အသင်းအဖွဲ့များသည် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိသည်။

**အပိုဒ် ၁၇**

(၁) ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကမ္ဘာလုံးဆိုင်ရာအသိအမှတ်ပြုအပြည်ပြည်ဆိုင်ရာဥပဒေမူများ၊ စံများနှင့်အညီ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရမည့်အပြင် အာမခံချက်ပေးရမည်။

(၂) အခြေခံလူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို မွေးဖွားသည်မှစ၍ လူတိုင်းခံစားခွင့်ရှိရမည့်အပြင် ပယ်ဖျက်ခြင်းမပြုရ။

(၃) လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ထိပါးခြင်းမပြုရ။

**အပိုဒ် ၁၈**

လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးနှင့် လွတ်လပ်ခွင့်များသည် ပြဋ္ဌာန်းဥပဒေများအပေါ် တိုက်ရိုက်စည်းနှောင်အားရှိရမည်။ ဥပဒေများ၏ အနက်အဓိပ္ပာယ်၊ ဥပဒေပါ အကြောင်းအရာနှင့် ဥပဒေအကောင်အထည်ဖော်မှု၊ ဥပဒေပြုအာဏာပိုင်၊ အုပ်ချုပ်ရေးအာဏာပိုင်နှင့် ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရတို့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို အဆိုပါအခွင့်အရေးများနှင့်အညီ ပြဋ္ဌာန်းသတ်မှတ်ရမည့်အပြင် ယင်းတို့ကိုဥပဒေဖြင့် အာမခံချက်ရှိစေရမည်။

**အပိုဒ် ၁၉**

(၂) နိုင်ငံတော်သည် အမျိုးသား/အမျိုးသမီး၊ လူမျိုး၊ နိုင်ငံသား၊ ဘာသာစကား၊ နေရင်းဒေသ၊ ပစ္စည်းနှင့်တရားဝင်အဆင့်အတန်း၊ အခြေချနေထိုင်ရာအရပ်ဒေသ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာရေးခံယူချက်၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှုစသည့်အချက်များ

အပြင် အခြားအခြေအနေများအပေါ်တွင်လည်း ခွဲခြားမှုမပြုဘဲ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများနှင့်လွတ်လပ်ခွင့်တို့ကို တန်းတူညီမျှရှိစေရန် အာမခံချက်ပေးရမည်။ လူမှုရေး၊ လူမျိုးရေး၊ အမျိုးသားရေး၊ ဘာသာစကား သို့မဟုတ် ဘာသာရေးကိုအကြောင်းပြု၍ လူ့အခွင့်အရေးဆိုင်ရာခွဲခြားကန့်သတ်ခြင်းများအား တားမြစ်ရမည်။

**အပိုဒ် ၂၁**

(၁) နိုင်ငံတော်သည် လူ့ဂုဏ်သိက္ခာကို အကာအကွယ်ပေးရမည်။ အဆိုပါအခွင့်အရေးကိုယုတ်လျော့စေသည့် မည်သည့်အရာကိုမျှ အခြေခံအချက်အဖြစ် အသုံးချခြင်းမရှိစေရ။

(၂) မည်သူ့ကိုမျှ နှိပ်စက်အကြမ်းဖက်ခြင်း သို့မဟုတ် ကြီးလေးသော သို့မဟုတ် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော အရေးယူခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို မပြုလုပ်ရ။ မည်သူ့ကိုမျှ၎င်း၏ဆန္ဒမပါရှိဘဲ ဆေးဘက်ဆိုင်ရာ၊ သိပ္ပံဆိုင်ရာ သို့မဟုတ် အခြားစမ်းသပ်မှုများ မပြုလုပ်ရ။

**အပိုဒ် ၂၇**

(၁) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပိုင်နက်နယ်မြေပေါ်တွင် တရားဝင်နေထိုင်သူတိုင်းသည် လွတ်လပ်စွာသွားလာပိုင်ခွင့်နှင့် ယာယီနေထိုင်ရာ သို့မဟုတ် အမြဲတမ်းနေထိုင်ရာဒေသကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိသည်။

**အပိုဒ် ၃၅**

(၃) တရားရုံး၏အမိန့်အရမှတစ်ပါး မည်သူမျှ ပစ္စည်းပိုင်ဆိုင်ခွင့်ဆုံးရှုံးခြင်းမရှိစေရ။ နိုင်ငံတော်၏လိုအပ်ချက်အရ ပစ္စည်းပိုင်ဆိုင်မှုအား မဖြစ်မနေဖယ်ရှားရာတွင် မျှတသောလျော်ကြေးကိုကြိုတင်ပေးချေပြီးမှသာ ဆောင်ရွက်နိုင်သည်။

**အပိုဒ် ၃၈**

(၁) နိုင်ငံတော်သည် ကိုယ်ဝန်ဆောင်မိခင်၊ ကလေးသူငယ်များနှင့် မိသားစုတို့ကို ကာကွယ်စောင့်ရှောက်ပေးရမည်။

**အပိုဒ် ၃၉**

(၁) လူတိုင်းအား နာမကျန်းဖြစ်ခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် ကျွေးမွေးပြုစုမည့်သူကင်းမဲ့သည့်ကိစ္စတွင် အသက်အရွယ်ကြီးရင့်သူအတွက်ဖြစ်စေ၊ ပြုစုပျိုးထောင်ရန်လိုအပ်သည့် ကလေးသူငယ်များအတွက်ဖြစ်စေ၊ ဥပဒေဖြင့်သီးခြားသတ်မှတ်ထားသောကိစ္စရပ်များအတွက် ဖြစ်စေ လူမှုဖူလုံရေး ခံစားခွင့်ပေးရမည်။

**အပိုဒ် ၄၀**

(၁) လူတိုင်းတွင် နေအိမ်ပိုင်ဆိုင်ခွင့်ရှိသည်။ မည်သူမျှ မိမိ၏နေအိမ်ပိုင်ဆိုင်ခွင့်ကို မတရားသဖြင့် ဆုံးရှုံးခြင်းမရှိစေရ။

(၂) ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့များနှင့် ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့များသည် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကိုမြှင့်တင်ကာ နေအိမ်ပိုင်ဆိုင်ခွင့်ရရှိရေး အခြေ အနေများ ဖန်တီးပေးရမည်။

(၃) နေအိမ်လိုအပ်လျက်ရှိကြသောဝင်ငွေနည်းပါးသည့် နိုင်ငံသားများနှင့် ဥပဒေတွင် နေအိမ်လိုအပ်ကြောင်းသတ်မှတ်ထားသည့် အခြားနိုင်ငံသားများသည် ဥပဒေပါသတ်မှတ်ချက်စံများနှင့်အညီ အခမဲ့ဖြစ်စေ နိုင်ငံတော်၊ ဒေသန္တရနှင့် အခြားအိမ်ရာရန်ပုံငွေများမှ တတ်နိုင်သမျှ ငွေကြေးကျခံပေးခြင်းဖြင့်ဖြစ်စေ နေအိမ်ပိုင်ဆိုင်မှုကို လက်ခံရရှိနိုင်သည်။

**အပိုဒ် ၄၅**

(၁) ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အကာအကွယ်ပေးခြင်းအား နိုင်ငံတော်က အာမခံချက်ပေးရမည်။

(၂) လူတိုင်းသည် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ဥပဒေကတားမြစ်ထားခြင်းမရှိသည့် နည်းလမ်းများဖြင့် အကာအကွယ်ရပိုင်ခွင့် ရှိရမည်။

**အပိုဒ် ၄၆**

(၁) လူတိုင်းသည် တရားရုံး၌ မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အကာအကွယ်ရယူနိုင်ခွင့်ရှိသည်။

**အပိုဒ် ၄၉**

(၁) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသူ မည်သူ့ကိုမဆို ဖက်ဒရယ်ဥပဒေအရ ပြဋ္ဌာန်းထားသောလုပ်ထုံးလုပ်နည်းများနှင့်အညီ အပြစ်ရှိသည်ဟု သက်သေထင်ရှားပြနိုင်သည့်အချိန်အထိသော်လည်းကောင်း၊ တရားရုံးတစ်ရုံးက ပြစ်ဒဏ်ချမှတ်ခြင်းကို အတည်ပြုသည့်အချိန်အထိသော်လည်းကောင်း အပြစ်ကင်းသည်ဟု မှတ်ယူရမည်။

(၂) စွပ်စွဲခံရသူထံတွင် အပြစ်မရှိကြောင်း သက်သေပြရန်တာဝန် မရှိစေရ။

(၃) လူပုဂ္ဂိုလ်တစ်ဦးတွင် အပြစ်ရှိသည်ဆိုခြင်းအပေါ် ထင်ရှားသည့်သံသယရှိပါက ယင်းသံသယကို စွပ်စွဲခံရသူ၏အကျိုးကိုရှေ့ရှု၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်။

**အပိုဒ် ၅၅**

(၁) ရှုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖော်ပြထားသော အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အခြားကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအားငြင်းပယ်သည့် သို့မဟုတ် လျော့ပါးစေသည့် အနက်အဓိပ္ပာယ်များ ဖွင့်ဆိုခြင်း မပြုရ။

(၂) ရှုရှားဖက်ဒရေးရှင်းနိုင်ငံတွင် လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ် ခွင့်များကို ဖျက်သိမ်းသည့် သို့မဟုတ် ယုတ်လျော့စေသည့် မည်သည့်ဥပဒေကိုမျှ ပြဋ္ဌာန်းခြင်း မပြုရ။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခြေခံ၊ အကျင့်သိက္ခာ၊ ကျန်းမာရေး၊ အခြားပုဂ္ဂိုလ်များ၏ ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးများနှင့် အကျိုးစီးပွားတို့ကိုကာကွယ်စောင့်ရှောက်ရန် အတွက်လည်းကောင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့်ကာကွယ်ရေး အတွက်လည်းကောင်း၊ လူ့အခွင့်အရေး၊ နိုင်ငံသားများ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ဖက်ဒရယ်ဥပဒေဖြင့် လိုအပ်သည့်အတိုင်းအတာအရသာလျှင် အကန့်အသတ်ပြုနိုင်သည်။

**အပိုဒ် ၇၁**

ရှုရှားဖက်ဒရေးရှင်းနိုင်ငံသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် စီရင်ဆောင်ရွက်ပိုင်ခွင့်အာဏာရှိသည်-

(ခ) ရှုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံတည်ဆောက်ခြင်းနှင့် ပိုင်နက်နယ်မြေသတ်မှတ်ခြင်းကိစ္စ၊

(ဏ) ယာဉ်ထိခိုက်မှုဆိုင်ရာဖက်ဒရယ်ဥပဒေကိစ္စ၊

**အပိုဒ် ၇၂**

ရှုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရှုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပြည်ထောင်စုအစိတ်အပိုင်းများသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် ပူးတွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်အာဏာရှိသည်-

(က) ပြည်ထောင်စုအဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဥပဒေများ၊ နယ်မြေများ၊ တိုင်းများ၊ ဖက်ဒရယ်အဆင့်မြို့တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်များ၏ ပဋိညာဉ်များ၊ ဥပဒေများနှင့်အခြားသောဥပဒေဆိုင်ရာစံနှုန်းများကို ရှုရှားဖက်ဒရေးရှင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ဥပဒေများနှင့် ညီညွတ်မှုရှိစေရန် ဆောင်ရွက်ခြင်းကိစ္စ၊

(ခ) လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားလူနည်းစုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာလုံခြုံရေး၊ နယ်ခြားစောင့်အုပ်ချုပ်ရေးတို့ ခိုင်မာစေခြင်းကိစ္စ၊

(ဋ) တရားစီရင်ရေးနှင့် ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ ဝန်ထမ်းများ၊ ရှေ့နေများ၊ နိုတြီရှေ့နေများကိစ္စ၊

**အပိုဒ် ၇၆**

(၁) ရှုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စီရင်ဆောင်ရွက်ပိုင်ခွင့်အာဏာများအရ ဆောင်ရွက်သောကိစ္စရပ်များအပေါ် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေများနှင့် ဖက်ဒရယ်ဥပဒေများကို ပြဋ္ဌာန်းသတ်မှတ်ရမည်။ အဆိုပါဥပဒေများသည် ရှုရှားဖက်ဒရေးရှင်းနိုင်ငံ ပိုင်နက်နယ်မြေတစ်ဝန်းလုံးတွင် တိုက်ရိုက်အာဏာသက်ရောက်စေရမည်။

(၂) ရှုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုအစိတ်အပိုင်းများ၏ ပူးတွဲစီရင်ဆောင်ရွက်ပိုင်ခွင့်အာဏာများအရ ဆောင်ရွက်သောကိစ္စရပ်များအပေါ် ဖက်ဒရယ်ဥပဒေများထုတ်ပြန်ပြဋ္ဌာန်းနိုင်သည့်အပြင် ပြည်ထောင်စုအစိတ်အပိုင်းများ၏ဥပဒေများနှင့် အခြားသောဥပဒေဆိုင်ရာ စံသတ်မှတ်ချက်များကိုလည်း ဖက်ဒရယ်ဥပဒေနှင့်အညီ ထုတ်ပြန်ပြဋ္ဌာန်းရမည်။

**အပိုဒ် ၁၁၈**

(၁) ရှုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တရားစီရင်ရေးကို တရားရုံးများကသာ စီမံခန့်ခွဲဆောင်ရွက်သည်။

(၂) တရားစီရင်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားမ၊ ကူးသန်းရောင်းဝယ်ရေး၊ စီမံခန့်ခွဲရေးနှင့် ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်းနည်းလမ်းများဖြင့် ကျင့်သုံးဆောင်ရွက်သည်။

**အပိုဒ် ၁၂၅**

(၄) ရှုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေအရ အောက်ဖော်ပြပါအချက်များကို စိစစ်ဆုံးဖြတ်ရမည်-

(က) နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ချိုးဖောက်မှုအပေါ် တိုင်ကြားချက်များအရ ဤအပိုဒ် အပိုဒ်ခွဲ (၂) (က)နှင့် (ခ)တို့တွင် ဖော်ပြထားသည့်ဥပဒေများနှင့် အခြားဥပဒေစံသတ်မှတ်ချက်များကို ကျင့်သုံးဆောင်ရွက်ခဲ့သည့်အမှု၌ တရားစီရင်ရေးဆိုင်ရာ ကုစားမှုများအားလုံး

ကုန်ဆုံးပြီးဖြစ်လျှင်၊ ယင်းအမှုတွင် ကျင့်သုံးအကောင်အထည်ဖော်ခဲ့သည့် အဆိုပါ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ၊

(ခ) တရားရုံးများ၏ တောင်းဆိုချက်များအရ ဤအပိုဒ်၊ အပိုဒ်ခွဲ (၂) (က) နှင့် (ခ) တို့တွင် ဖော်ပြထားသော အကြောင်းအရာများနှင့် ပတ်သက်သည့် အမှုတွင် ကျင့်သုံးခဲ့သော ဥပဒေများနှင့် ဥပဒေစံသတ်မှတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ။

**အပိုဒ် ၁၂၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တရားလွှတ်တော်ချုပ်သည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာဥပဒေအရ တည်ထောင်ထားရှိသော အထွေထွေစီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးများ ၏ စီရင်ပိုင်ခွင့်အာဏာနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာတရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာကို မဆန့်ကျင်စေဘဲ တရားမမှုများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများ၊ ပြစ်မှုဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာအမှုများနှင့် အခြားအမှုများကိုစစ်ဆေးစီရင်သည့် တရားစီရင်ရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပြီး တရားမ၊ ကူးသန်းရောင်းဝယ်ရေး၊ ပြစ်မှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာ တရားစီရင်ရေးအပေါ် စီမံခန့်ခွဲသည့်နည်းလမ်းဖြင့် တရားစီရင်ရေး ဆိုင်ရာအာဏာကို ကျင့်သုံး သည်။ တရားလွှတ်တော်ချုပ်သည် ဖက်ဒရယ်ဥပဒေအရ လိုအပ်ချက်ဖြင့် ပြဋ္ဌာန်းထားသည့် ကျင့်ထုံးများအတွင်း အထွေထွေစီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးများနှင့်ကူးသန်းရောင်းဝယ် ရေးဆိုင်ရာတရားရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် တရားစီရင်ရေးဆိုင်ရာ ကြီးကြပ်မှုကို ဆောင်ရွက်ရမည်။

ထို့ပြင် တရားရုံးလက်တွေ့လုပ်ငန်းစဉ်များမှ ပေါ်ပေါက်လာသည့် ပြဿနာများအပေါ် လမ်းညွှန်ချက်ပေးရမည်။

**၁၉၉၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ**

**အပိုဒ် ၄၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အောက်ပါအခြေအနေများတွင် လျှောက်ထားလွှာအား လက်ခံရန် ငြင်းဆိုနိုင်သည်–

(၂) လျှောက်ထားလွှာပါ တောင်းဆိုချက်များသည် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် လက်ခံနိုင်ခြင်းမရှိလျှင်၊

**အပိုဒ် ၆၈**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဆုံးဖြတ်ပေးရန် တင်သွင်းလာသည့် လျှောက်ထားလွှာအားလက်ခံရန် ငြင်းဆိုရမည့်အကြောင်းပြချက်ပေါ်ပေါက်လျှင် သို့တည်းမဟုတ် တင်သွင်းလာသည့်ပြဿနာအား ဥပဒေဖြင့်သော်လည်းကောင်း၊ အခြားဓလေ့ထုံးတမ်းဆိုင်ရာ အက်ဥပဒေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများအကြား သဘောတူညီမှုဖြင့်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိစစ်ဆေးပေးရန် အဆိုပြုထားသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အာဏာသက်ရောက်ခြင်းမရှိသေးသည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ဖြင့်သော်လည်းကောင်းဖြေရှင်းပြီးဖြစ်လျှင် အဆိုပါအမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ရှိသည့် လုပ်ထုံးလုပ်နည်းများကို ရပ်ဆိုင်းရမည်။

**အပိုဒ် ၇၁**

(၁) တရားရုံးမျက်နှာစုံညီခုံနှင့် မျက်နှာစုံညီအစည်းအဝေးတို့တွင် ချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက် (Decision) ဖြစ်သည်။

(၂) ဤဖက်ဒရယ်ဥပဒေ အပိုဒ် ၃ အပိုင်း (၁) (၂) (၃) နှင့် (၄) တို့အရ ပြဿနာများအပေါ်တွင် အပြီးသတ်ဆုံးဖြတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်အား ဆုံးဖြတ်ချက်ဟူ၍ ခေါ်ဆိုရမည်။ ၎င်းဆုံးဖြတ်ချက်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံအမည်ဖြင့် ချမှတ်ရမည်။

**အပိုဒ် ၇၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်အား တရားသူကြီးများ၏ မဲပေးစနစ်ဖြင့်ချမှတ်ဆောင်ရွက်ရမည်ဖြစ်သည်။ မည်သည့်အမှုတွင်မဆို တရားသူကြီးချုပ်သည် နောက်ဆုံးမှမဲပေးရမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်အား ဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် များရာမဲစနစ်ဖြင့် ချမှတ်ရမည်။ စံနှုန်းဆိုင်ရာအက်ဥပဒေတစ်ရပ်၊ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများအကြား သဘောတူညီချက်တစ်ရပ် သို့မဟုတ် အာဏာသက်ရောက်ခြင်းမရှိသေးသည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တစ်စောင်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်တွင် မဲအရေအတွက်တူညီနေပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိကိစ္စရပ်အပေါ်တွင် အဓိကထားသည် ဆန္ဒမဲများအား ဦးစားပေးကောက်ယူရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်တစ်ရပ်အား တရားသူကြီးစုစုပေါင်းဦးရေ၏ ၃ ပုံ ၂ ပုံသောမဲအရေအတွက်နှင့် အတည်ပြုချမှတ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးတစ်ဦးသည် မည်သည့်အခါမျှ ဆုံးဖြတ်ချက်ချမှတ်ရန် မဲပေးခြင်းအား ရှောင်လွှဲခွင့်မရှိချေ။

## အပိုဒ် ၇၄

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်များအား တရားရုံးက စုံစမ်းရရှိထားသည့်အချက်အလက်များပေါ်တွင် အခြေခံ၍ချမှတ်ရမည်။ တရားရုံးသည် အမှုအား တရားဝင်သတ်မှတ်ထားသည် အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ သို့မဟုတ် ကျင့်သုံးလျက်ရှိသည့် အခြားတည်ဆဲဥပဒေများစသည်တို့အပေါ်တွင်အခြေခံ၍ အမှု၏ပကတိသဘောအား စဉ်းစားဆုံးဖြတ်ရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် လျှောက်ထားလွှာနှင့် သက်ဆိုင်သည့် အကြောင်းအရာများကိုသာ ဆုံးဖြတ်ချက်များချမှတ် စီရင်ထုံးပြုရမည်ဖြစ်ပြီး အက်ဥပဒေတစ် ရပ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်၏လုပ်ပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍လည်း ပြဿနာဖြစ်သည့် အပိုင်းနှင့် သက်ဆိုင်၍သာဆုံးဖြတ်ရမည်ဖြစ်သည်။

## အပိုဒ် ၇၅

သီးခြားစာရွက်စာတမ်းပုံစံဖြင့် အသေးစိတ်ရှင်းပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်၌ ပြဿနာပေါ်တွင်အခြေခံဆုံးဖြတ်ထားသည့် အောက်ပါအချက်အလက်များပါဝင်ရမည်–

(၁) ဆုံးဖြတ်ချက်အမည်၊ ရက်စွဲနှင့် ချမှတ်သည့်နေရာ၊

(၂) ဆုံးဖြတ်ချက်ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံ၊

(၃) အမှုသည်များ၏ လိုအပ်သောအချက်အလက်များ၊

(၄) အမှုအား ဆင်ခြင်သုံးသပ်ခဲ့သည့် အကြောင်းအရာ၊

(၅) ပေးအပ်လာသည့် ပြဿနာအပေါ်တွင် ဆုံးဖြတ်ခွင့်ရှိသည့် တရားရုံး၏ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ စံနှုန်းများ၊

(၆) လျှောက်ထားလွှာတွင်ပါရှိသည့် တောင်းဆိုမှုများ၊

(၇) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက တည်ဆောက်ထားသည့်အချက် အလက်များနှင့် အခြေအနေများ

(၈) အမှုအားဆုံးဖြတ်ခွင့်ရှိသည့် တရားရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စီရင်ပိုင်ခွင့်များ၊

(၉) အမှုသည်များ၏ ငြင်းချက်များ၊

(၁၀) ဆုံးဖြတ်ချက် ကောက်နုတ်ချမှတ်ခြင်း၊

(၁၁) ဆုံးဖြတ်ချက်သည် နောက်ဆုံးဖြစ်ကြောင်း ဖော်ပြချက်၊

(၁၂) ဆုံးဖြတ်ချက်နှင့်သက်ဆိုင်သည့်လုပ်ထုံးလုပ်နည်းများ အာဏာသက်ရောက်ခြင်း နှင့် ဆုံးဖြတ်ချက်အာဏာသက်ရောက်မည့် အချိန်ကာလနှင့်ကြေညာချက်၊

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်အား မဲထည့်ခဲ့သည့် တရားသူကြီးအားလုံးက လက်မှတ်ရေးထိုးရမည်။

**အပိုဒ် ၇၈**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များနှင့် ကောက်ချက်များအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ နိုင်ငံပိုင်အဖွဲ့အစည်းများ၏ တရားဝင်ထုတ်ပြန်ချက်များတွင် ထည့်သွင်းထုတ်ပြန်ကြေညာရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များအား တရားရုံး၏တရားဝင်ထုတ်ပြန်ကြေညာချက်တွင်လည်း ထုတ်ပြန်ကြေညာရမည် ဖြစ်ပြီး လိုအပ်ပါက အခြားထုတ်ဝေမှုများတွင်လည်း ထည့်သွင်းထုတ်ဝေရမည်။

**အပိုဒ် ၇၉**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်သည် နောက်ဆုံးဖြစ်ပြီး အယူခံဝင်ခွင့်မရှိပေ။ ကြေညာပြီးနောက် ချက်ချင်းအာဏာသက်ရောက်ရမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်အား တိုက်ရိုက်လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အခြားမည်သည့်အဖွဲ့အစည်းများနှင့် အာဏာပိုင်များ၏ အတည်ပြုချက်မှု လိုအပ်မည်မဟုတ်ပေ။ ဥပဒေအရ အာဏာသက်ရောက်ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းသတ်မှတ်ထားသည့် အက်ဥပဒေတစ်ရပ်အား အလားတူထပ်မံပြဋ္ဌာန်းခြင်းမပြုရ။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းဆုံးဖြတ်ခဲ့သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာပြဋ္ဌာန်းချက်များသည် ပြဋ္ဌာန်းချက်ပါလုပ်ပိုင်ခွင့်များဆုံးရှုံးခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

နှင့် ညီညွတ်ခြင်းမရှိကြောင်းဆုံးဖြတ်ခဲ့သည့် အာဏာသက်ရောက်ခြင်းမရှိသေးသည့် အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်များသည် အာဏာသက်ရောက်မှုမရှိခြင်းတို့ဖြစ်မည်ဖြစ်သည်။ အက် ဥပဒေများအပေါ်အခြေခံ၍ဆုံးဖြတ်ခဲ့သည့် တရားရုံးများနှင့် အခြားအဖွဲ့အစည်းများ၏ဆုံးဖြတ် ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်းဆုံးဖြတ်ခဲ့လျှင် ထိုဆုံးဖြတ် ချက်များသည် အာဏာသက်ရောက်ခြင်းမရှိဘဲ ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။

**အပိုဒ် ၉၆**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များချိုးဖောက်ခံရခြင်း အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့လိုက် လျှောက်ထားလွှာအား ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်သည် နိုင်ငံသားအားလုံးကပိုင်ဆိုင်သည့် အခွင့်အရေးဖြစ် ပြီး ယင်းကိစ္စရပ်များတွင် အဆိုပါနိုင်ငံသားများ၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်များအား သက်ဆိုင်ရာဥပဒေတစ်ရပ်ကသော်လည်းကောင်း၊ နိုင်ငံသားများ၊ အခြားအဖွဲ့အစည်းများနှင့် ဖက်ဒရယ်ဥပဒေအရ ရည်ညွှန်းထားသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကသော်လည်းကောင်း ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။

**အပိုဒ် ၉၇**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့်လွတ်လပ်ခွင့်တို့အား ဥပဒေတစ်ရပ် ဖြင့် ချိုးဖောက်ခံရခြင်းအတွက် တင်သွင်းလာသည့် တိုင်ကြားလွှာတစ်စောင်အား-

(၁) အဆိုပါဥပဒေသည် နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေး များနှင့် လွတ်လပ်ခွင့်များကို အမှန်တကယ်ချိုးဖောက်လျှင်၊

(၂) အဆိုပါဥပဒေသည် အငြင်းပွားမှုဖြစ်သည့်အမှုနှင့် သက်ဆိုင်နေပြီး တရားရုံး သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ရပ်က အဆိုပါဥပဒေအားကျင့်သုံးလျက် အမှုကို ဆုံးဖြတ်ပြီးလျှင် သို့မဟုတ် စစ်ဆေးရန်စတင်ပြင်ဆင်နေလျှင် လက်ခံနိုင်သည်။

**အပိုဒ် ၉၈**

နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ချိုးဖောက်ခံရသဖြင့် တင်သွင်းလာသောတိုင်ကြားလွှာနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးက အပိုဒ် ၈၆ ပါအတိုင်းအတာအထိ စစ်ဆေးနိုင်သည်။

**အပိုဒ် ၁၀၀**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များအား ဥပဒေဖြင့်ချိုးဖောက်ခံရခြင်းအတွက် တင်သွင်း

ခဲ့သည့်တိုင်ကြားလွှာအပေါ် စဉ်းစားဆုံးဖြတ်ခဲ့သည့် ရလဒ်များနှင့်အညီ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်-

(၁) ဥပဒေတစ်ရပ် သို့မဟုတ် ၎င်းဥပဒေပါလူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်းဆုံးဖြတ်ချက်၊

(၂) ဥပဒေတစ်ရပ် သို့မဟုတ် ၎င်းဥပဒေပါလူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းဆုံးဖြတ်ချက်၊

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အငြင်းပွားမှုဖြစ်ခဲ့သည့်အမှုနှင့် သက်ဆိုင်သောဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့လျှင် ထိုဥပဒေအားသက်ဆိုင်ရာအဖွဲ့အစည်းက ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။

**၁၉၉၃ ခုနှစ် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများဆိုင်ရာဥပဒေ**

**အပိုဒ် ၁။ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူဆိုသည့် အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်**

အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူဆိုသည်မှာ မိမိကိုယ်တိုင်အကြမ်းဖက်ခံရသောကြောင့်သော်လည်းကောင်း၊ မိမိ၏မိသားစုဝင်များ အကြမ်းဖက်ခံရသောကြောင့်သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် ဖိစီးနှိပ်စက်ခံရခြင်းကြောင့်သော်လည်းကောင်း၊ လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကား၊ သီးခြားဘာသာရေးအသင်းအဖွဲ့တွင်အဖွဲ့ဝင်ဖြစ်မှု သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအုပ်စုလိုက်ကို ရန်လိုပစ်မှတ်ထားသည့် နိုင်ငံရေးခံယူချက်များရှိခြင်း၊ အများပြည်သူဆိုင်ရာညွှန်ကြားချက်များကို ချိုးဖောက်မှုများရှိခြင်းတို့ကြောင့် ဖိစီးနှိပ်စက်ခံရသည့် အကြောက်တရားကြောင့်သော်လည်းကောင်း မိမိနေထိုင်ရာနေရာမှ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူဖြစ်သည်။

**အပိုဒ် ၆။ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံသူ၏ အခွင့်အရေးများနှင့်တာဝန်ရှိမှုများ**

(၃) အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူတစ်ဦးသည် အခြားအိမ်ယာတစ်ခုအား ဝယ်ယူလက်ခံရရှိပြီးလျှင် သို့မဟုတ် ၎င်းတို့အတွက် စီစဉ်ဆောက်လုပ်ပေးသည့် အိမ်ယာဆောက်လုပ်မှုများပြီးစီးလျှင် မည်သည့်အကြောင်းပြချက်မျှပေးခွင့်မရှိဘဲ ယာယီအခြေချနေထိုင်ရန် ထောက်ပံ့ပေးထားသည့်နေရာတွင် နေထိုင်ခွင့်ဆုံးရှုံးမည်ဖြစ်သည်။

**အပိုဒ် ၇။ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများနှင့်စပ်လျဉ်း၍ ဖက်ဒရယ်အုပ်ချုပ်ရေးအာဏာပိုင်များ၊ ပြည်နယ်အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ဒေသန္တရအာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များ၊**

(၄) ဖက်ဒရယ်အုပ်ချုပ်ရေးအာဏာပိုင်များ၊ ပြည်နယ်အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ဒေသန္တရအာဏာပိုင်များသည် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူများအား ၎င်းတို့၏ လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ အောက်ပါကိစ္စရပ်များ ထောက်ပံ့ပေးနိုင်သည်–

(က) ရုရှားဖက်ဒရေးရှင်းနယ်မြေတွင် ၎င်းလူပုဂ္ဂိုလ်ပိုင်ဆိုင်ပြီး ကျန်ရစ်ခဲ့သည့် ပစ္စည်းဉစ္စာများအား ပြန်လည်ပေးအပ်နိုင်သည်။ ထိုသို့ပြန်လည်ပေးအပ်နိုင်သည့် အခြေအနေမရှိလျှင် ထိုသူအားလျော်ကြေးပေးရမည်။ လျော်ကြေးပေးခြင်းအပါအဝင် ပိုင်ဆိုင်သည့်ပစ္စည်းပြန်လည် ပေးအပ်ခြင်းနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရက သတ်မှတ်ပေးရမည်။

**အပိုဒ် ၉။ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက် ဆုံးရှုံးခြင်းနှင့် ပိတ်ပင်ခံရခြင်း**

(၁) ရုရှားဖက်ဒရေးရှင်းနိုင်ငံသားအဖြစ်မှ ရပ်စဲခံရသောလူပုဂ္ဂိုလ်တစ်ဦးသည် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အားဆုံးရှုံးသည်။

(၂) လူပုဂ္ဂိုလ်တစ်ဦးသည် ၎င်း၏ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အား အောက်ပါအခြေအနေများတွင်လည်း ဆုံးရှုံးသည်–

(က) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နယ်မြေဧရိယာပြင်ပတွင် အမြဲတမ်းအခြေချနေထိုင်ရန် ထွက်ခွာသူ၊

(ခ) ဤဥပဒေ အပိုဒ် ၅၊ စာပိုဒ် ၄ အရ ခွင့်ပြုထားသည့် သတ်မှတ်ကာလကျော်လွန်သွားလျှင်၊

(၃) ဖက်ဒရယ် နယ်မြေပြောင်းရွှေ့နေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့ သို့မဟုတ် ဒေသတွင်းပြောင်းရွှေ့နေထိုင်ရေးဆိုင်ရာဝန်ဆောင်မှုအဖွဲ့သည် လူပုဂ္ဂိုလ်တစ်ဦး၏ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အား အောက်ပါအခြေအနေတွင် ပိတ်ပင်နိုင်သည်–

(က) ထိုလူပုဂ္ဂိုလ်သည် ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊

(ခ) အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ် သတ်မှတ်ချက်ရရှိရန်အတွက် မှန်ကန်ခြင်းမရှိသည့်အချက်အလက်များပေးခဲ့ခြင်းဖြစ်လျှင်၊

(၄) ဖက်ဒရယ်နယ်မြေပြောင်းရွှေ့နေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့သည် လူပုဂ္ဂိုလ်တစ်ဦးအား အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်ကို ပိတ်ပင်ကြောင်း နို့တစ်စာကို အယူခံဝင်နိုင်ရေးအသိပေးရန် ဆုံးဖြတ်ချက်ချပြီး ၅ ရက်အတွင်း ထိုသူထံသို့ပေးပို့ရမည်။

(၅) လူပုဂ္ဂိုလ်တစ်ဦးအား ထုတ်ပေးထားသည့် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ကြောင်း ထောက်ခံချက်သည်တရားမဝင်ကြောင်း သက်ဆိုင်ရာပြောင်းရွှေ့နေထိုင်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကကြေညာလျှင် ၎င်းသည် ထိုသတ်မှတ်ချက်အား ဆုံးရှုံးသည်။

(၆) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အတင်းအကျပ် ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အားဆုံးရှုံးလျှင် သို့မဟုတ် ဤသတ်မှတ်ချက်အားပိတ်ပင်ခြင်းခံရ

လျှင် ထိုလူပုဂ္ဂိုလ်သည် ၎င်းအား ယာယီအခြေချနေထိုင်နိုင်ရေးအတွက် ထောက်ပံ့ပေးထားသည့် နေထိုင်ရာနေရာမှ ထွက်ခွာပေးရမည်ဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦးအား အချက်အလက်အမှားများပေးခြင်း သို့မဟုတ် မှားယွင်းနေသည့် အချက်အလက်များမှန်းသိလျက်နှင့် ထိုအချက်အလက်များအားတင်ပြခဲ့ခြင်းတို့ကြောင့် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အား ပိတ်ပင်ရာတွင် ထိုသူ၏ပြောင်းရွှေ့ခြင်း၊ ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းတို့အတွက် ထောက်ပံ့ပေးထားသည့် စရိတ်တောင်းဆိုလာခြင်းကိုပါ ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။

(၇) ခွင့်ပြုထားသည့်ကာလကျော်လွန်ခြင်းကြောင့် အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်းခံရသူအဖြစ်သတ်မှတ်ချက်အား ဆုံးရှုံးခဲ့သူတစ်ဦးသည် ဆုံးရှုံးခဲ့ရသည့်ပိုင်ဆိုင်မှုများအတွက် ဤဥပဒေ အပိုဒ် ၇၊ စာပိုဒ် ၄ နှင့်အညီ လျော်ကြေးရခွင့်ရှိသည်။